# ပေတရု
# ပါးမှ ဒုတိယအကြိမ် ပီးစာ
## နိဒါန်း

ပေတရုပါးမှ ဒုတိယအကြိမ် ပီးစာ သည် တမန်တော် ပေတရုက ရီးသားခသော်လည်း မျက်မှောက်ခေတ် ပညာသျှင်များက မှန်ကန်သည်ဟု မထင်မှတ်ကြပေ။ ထို ပီးစာကို ပေတရုကိုယ်စား အခြားသောသူတစ်ဦးက ရီးသားခခြင်းလည်း ဖြစ်နိုင်ဟု ထင်မှတ်ကြ၏။ စာရီးသူက သူသည် ယေသျှု၏အသက်တာနှင့် အထူးသဖြင့် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းဆိုင်ရာ မျက်မြင်သက်သီ တစ်ယောက် ဖြစ်ကြောင်း ဖော်ပြထားသည် (၁.၁၇–၁၈)။ ပေတရုသည် ထိုစာကို ရီးခမည်ဆိုလျှင် သူမသီဆုံးခင် ယေသျှုမွီးဖွားပြီးနောက် ၆၅–၆၉ ခုနှစ် အကြား တွင် ရောမမြို့၌ ရီးသားခဟန် ဟိ၏။ ပေတရုသည် ဤ စာစောင်ကို ရီးသားပြီးနောက် ရီးသားသည့် ရက်စွဲကို ဖော်ပြကာ သူ၏ ဒုတိယစာစောင် (၃.၁) ဟုလည်း ခေါ်ဆိုထား၏။ သူသည် ခရစ်ယာန် အားလုံးပါးသို့ စာစောင်ကို ပီးပို့ခ၏။

ပေတရုသည် ယုံကြည်သူများအား ကောင်းမွန်သော အသက်တာနှင့် လည်းကောင်း မှားယွင်းသော ဆရာများနောက်သို့ မလိုက်ရန် လည်းကောင်း တိုက်တွန်းရန်

အတွက် ဤစာကို ရီးသားခဲခြင်းဖြစ်၏ (၂)။ ယေသျှု ပြန်ကြွလာရန် အချိန်ကြာလိမ့်မည်ဟု ပြောဆိုနိန်ကြသော သူများကို လျစ်လျူရှုရန် သူရို့ကို တိုက်တွန်းခ၏။ ထိုသို့ ပြုမည့်အစား ဘုရားသခင်သည် နှောင်းနှေးကြန့်ကြာ တော်မမူဘဲ လူတိုင်း ကယ်တင်ခြင်းရရန် အလိုဟိသည် ဟု ညွှန်ပြခ၏ (၃.၈–၉)။ ဤသည်ကား ကောင်းသော အသက်တာနှင့် နီထိုင်ရန် အကြောင်း ဖြစ်၏ (၃.၁၄)။

**အကြောင်းအရာ အကျဉ်းချုပ်**

၁။ ပေတရုသည် မိမိကိုယ်ကို မိတ်ဆက်ပြီး သူ၏ စာဖတ်သူများကို ပြောပြခြင်း (၁.၁–၂)

၂။ ထို့နောက်၊ ဘုရားသခင်သည် အကျွန်ရို့အား ခွန်အားပီးတော်မူထားပြီးဖြစ်သောကြောင့် ကောင်းသော အသက်တာနှင့် နီထိုင်ရန် ပေတရုက သတိပီးထားခြင်း (၁.၃–၂၁)

၃။ နောက်တဖန်၊ သူသည် မှားယွင်းသော ဆရာများကို ဆန့်ကျင်ကြရန်နှင့် ထိုမှားယွင်းသော ဆရာများသည် နောက်ဆုံးသောကာလ၌ မည်သို့ဖြစ်ပေါ်လာမည်ကို ဖော်ပြခြင်း (၂.၁–၂၂)

၄။ ထို့နောက်တွင်၊ ပေတရုသည် ယေသျှု၏ ဒုတိယအကြိမ် ကြွလာခြင်းအတွက် ယုံကြည်သူများအား ကောင်းသော အသက်တာနှင့် နီထိုင်ကြရန် အားပီးတိုက်တွန်းခြင်းဖြင့် နိဂုံးချုပ်ထားခြင်း (၃.၁–၁၇)

1 ယေသျှု ခရစ်တော်၏ အခိုင်းအစီနှင့် တမန်

တော်ဖြစ်သူ ငါ သျှိမုန်ပေတရုပါး‌မှ —
ငါရို့၏ ဘုရားသခင်နှင့် ကယ်တင်သျှင်ဖြစ်တော်မူ
သော ယေသျှုခရစ်၏ ဖြောင့်မတ်ခြင်းတရားကြောင့်
အဖိုးထိုက်သည့် ယုံကြည်ခြင်းကို ငါရို့နည်းတူ ရဟိကြ
သော သူရို့ပါးသို့ စာရီးလိုက်၏၊
2 ဘုရားသခင်နှင့် ငါရို့၏ အသျှင်ယေသျှုကို
သိကျွမ်းရခြင်းအားဖြင့် သင်ရို့သည် ကျေးဇူးတော်နှင့်
ငြိမ်သက်ခြင်းကို အပြည့်အဝ ခံစားရကြပါစီသောဝ်။

ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့် ရွီးချယ်တော်မူ
ခြင်း

3 ငါရို့ကို မိမိ၏ဘုန်းတော်နှင့် ကောင်းမြတ်ခြင်းထဲသို့
ခေါ်ယူတော်မူသော အသျှင်အား ငါရို့သိခြင်းအားဖြင့်
ဘုရားသခင်၏ တန်ခိုးတော်သည် ဘုရားဝတ်၌ မှန်ကန်စွာ
မို့လျော် အသက်ရှင်နိုင်ကြစီရန် ငါရို့လိုအပ်သော အရာဟိ
သမျှကို ချပီးတော်မူ၏။*
4 ဤနည်းအားဖြင့် ကတိထားတော်မူသော အလွန်ကြီး
မြတ်၍ အဖိုးထိုက်သည့် ဆုကျေးဇူးများကို ကိုယ်တော်
သည် ငါရို့အား ပီးတော်မူ၏။ ထို ဆုကျေးဇူးအားဖြင့်
သင်ရို့သည် ဤလောက၌ဟိသော ပျက်စီးတတ်သည့်
ကိလေသာတပ်မက်ခြင်းမှ လွတ်မြောက်၍ ဘုရားပကတိ
အဖြစ်တော်ကို မျှဝီခံစားကြရ၏။

* **1:3** ငါရို့လိုအပ်သော အရာဟိသမျှကို ချပီးတော်မူ၏၊ တချို့ မူရင်းလက်ရေးမူတွင် သူ့အားဖြင့်၊ ဟူ၍ ရှိသည်။

5 ဤအကြောင်းကြောင့် သင်ရို့သည် မိမိရို့၏
ယုံကြည်ခြင်းကို ကောင်းမြတ်ခြင်းဖြင့် လည်းကောင်း၊
ကောင်းမြတ်ခြင်းကို အသိပညာဖြင့် လည်းကောင်း၊
6 အသိပညာကို ကာမဂုဏ်ချုပ်တည်းခြင်းဖြင့်
လည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းကို သည်းခံ
နိုင်ခြင်းဖြင့် လည်းကောင်း၊ သည်းခံနိုင်ခြင်းကို ဘုရား
ဝတ်၌မွေ့လျော်ခြင်းဖြင့် လည်းကောင်း၊
7 ဘုရားဝတ်၌မွေ့ပျော်ခြင်းကို ယုံကြည်သူအချင်းချင်း
ခင်မင်ရင်းနှီးခြင်း အားဖြင့် လည်းကောင်း၊ ယုံကြည်
သူအချင်းချင်း ခင်မင်ရင်းနှီးခြင်းကို ချစ်မေတ္တာဖြင့်
လည်းကောင်း ထပ်လောင်း၍ ဖြည့်စွက်ပီးရန် အစွမ်းကုန်
ကြိုးစားကြလော့။
8 ထိုပါရမီများသည် သင်ရို့၌ ကြွယ်ဝစွာဟိနိန်လျှင် ငါ
ရို့၏အသျှင် ယေသျှုခရစ်တော်ကို သိကျွမ်းခြင်း၌ သင်
ရို့သည် အကျိုးမဟိ ဖြစ်ကြလိမ့်မည် မဟုတ်။
9 သို့ရာတွင် ထိုပါရမီများနှင့် ကင်းသောသူသည် အမြင်
တိမ်၍ မျက်စိမမြင်သောသူ ဖြစ်ပြီး သူသည် အယင်က
မိမိ၏အပြစ်များမှ စင်ကြယ်ခြင်း ခံရသည်ကို မိလျော့
တတ်သောသူ ဖြစ်၏။

10 သို့ဖြစ်၍ ညီအစ်ကိုမောင်နှမရို့၊ သင်ရို့သည်
ဘုရားသခင်၏ ခေါ်ယူတော်မူခြင်းနှင့် ရွေးကောက်တော်
မူခြင်းကို တည်မြဲစီရန် သာ၍ကြိုးစားကြပါက သင်
ရို့သည် မည်သည့်အခါမျှ သင်ရို့၏ ယုံကြည်ခြင်းကို

စွန့်လွှတ်[†]ကြလိမ့်မည် မဟုတ်။
11 ဤနည်းအားဖြင့် သင်ရို့သည် ကယ်တင်သျှင်ဖြစ်
တော်မူသော ငါရို့၏ အသျှင် ယေသျှု ခရစ်တော်၏
ထာဝရနိုင်ငံတော်သို့ ဝင်နိုင်မည့် အခွင့်ကို ပြည့်ဝစွာ ရ
ကြလိမ့်မည်။
12 ထို့ကြောင့် သင်ရို့သည် ဤအကြောင်းအရာများကို
သိနားလည်လျက် မိမိရို့ ရထားသည့် သမ္မာတရားတွင်
အခြေခံ၍ ခိုင်ခံ့ပြီးဖြစ်သော်လည်း ငါသည် သင်ရို့အား
ထိုအကြောင်းအရာများကို အစဉ် သတိပေးလို၏။
13 ငါသည် အသက်ရှင်လျက် ဟိနိန်သမျှ ကာလ
ပတ်လုံး ထိုအကြောင်းအရာများကို သင်ရို့အား နှိုးဆော်
လျက်ဟိသည်မှာ ငါ့အတွက် မှန်ကန်သည်ဟု မှတ်ယူ
ထား၏။
14 ဇာကြောင့်ဆိုသော် ငါရို့၏အသျှင် ယေသျှု
ခရစ်တော်ကလည်း ထိုသို့ဖြစ်မည်ဟု ငါ့အား ဖော်ပြ
ထားသည့်အတိုင်း ငါသည် ဤပျက်စီးတတ်သော
ကိုယ်ခန္ဓာကို မကြာခင် စွန့်ပစ်ရလိမ့်မည်ဟု သိ
သောကြောင့် ဖြစ်ပေ၏။
15 သို့ဖြစ်၍ ငါ သီဆုံးလားပြီးနောက် သင်ရို့သည် ဤ
အကြောင်းအရာများကို အစဉ် မှတ်မိစီရန် ငါ အကောင်း
ဆုံး လုပ်ဆောင်လားလိမ့်မည်။

## ခရစ်တော်၏ ဘုန်းတော်ကို ဖူးမြင်ရသောသူများ

[†] **1:10** သင်ရို့၏ ယုံကြည်ခြင်းကို စွန့်လွှတ်၊ သို့မဟုတ် အပြစ်ထဲ၌ ပြိုလဲ။

16 ငါတို့၏အသျှင် ယေရှုခရစ်တော်သည် တန်ခိုး
တော်နှင့် ကြွလာတော်မူခြင်းကို သင်တို့အား ဖော်ပြရာ၌
ငါတို့သည် ပရိယာယ်နှင့် ပျင်ဆင်ထားသော ပုံပြင်များ
ကို ပြောကြားနိန်ခြင်း မဟုတ်။ ငါတို့ကိုယ်တိုင် ထိုအသျှ
င်၏ ကြီးမြတ်သောဘုန်းတန်ခိုးတော်ကို ဖူးမြင်ရကြသော
သူများ ဖြစ်ကြ၏။
17 ခမည်းတော် ဘုရားသခင်ထံတော်မှ ဂုဏ်အသရေ
တော်နှင့် ဘုန်းတော်ကို ကိုယ်တော်သည် ခံယူတော်မူ
စဉ် အကြီးမြတ်ဆုံးသော ဘုန်းတန်ခိုးတော်အသျှင်ထံမှ
“ဤသူကား ငါ နှစ်သက်မြတ်နိုးသော ငါ၏ ချစ်သား
ဖြစ်သည်” ဟူသော အသံတော်သည် ကိုယ်တော်ထံသို့
ရောက်လာ၏။
18 ထိုအခါက ငါတို့ကိုယ်တိုင်ပင်လျှင် ကိုယ်တော်နှင့်
အတူ သန့်ယှင်းသော တောင်ထက်တွင်ဟိ၍ ကောင်းကင်
မှ ထွက်ပေါ်လာသော ထိုအသံတော်ကို ကြားရကြ၏။
19 ထို့အပြင် ပို၍ စိတ်ချရသော ပရောဖက်များ
ဟောပြောထားသည့် ဗျာဒိတ်စကားလည်း ငါတို့၌ ဟိ၏။
ထိုဗျာဒိတ်စကားသည် အရုဏ်တက်သည့်တိုင်အောင် အ
မှောင်ထဲ၌ ထွန်းလင်းနိန်သည့် ဆီမီးခွက်ကဲ့သို့ ဖြစ်ပြီး
မိုးသောက်ကြယ်၏ အလင်းသည်လည်း သင်တို့စိတ်နှလုံး
ထဲ၌ ထွန်းလင်းလျက်ဟိသောကြောင့် သင်တို့သည် ထို
ဗျာဒိတ်စကားကို ကြားခြင်းဌာ ဂရုစိုက်ကြလော့။

**1:17** မ ၁၇.၁–၅; မာ ၉.၂–၇; လု ၉.၂၈–၃၅

20 ကျမ်းစာ၌ဖော်ပြသော ပရောဖက်ပြုချက်များကို
မည်သူတစ်ယောက်မျှ မယှင်းပြနိုင်ကြောင်း သင်ရို့ အထူး
သိမှတ်ကြလော့။
21 အကြောင်းမူကား မည်သည့် ပရောဖက်ပြုချက်မျှ
လူ့အလိုဆန္ဒအရ ပေါ်လာသည် မဟုတ်။ သန့်ယှင်းသော
ဝိညာဉ်တော်၏ နှိုးဆော်ခြင်းကို ခံရသောသူရို့သည်
ဘုရားသခင် ထံတော်ပါးမှ လာသော ဗျာဒိတ်တော်ကို
ဟောပြောခြင်းသာဖြစ်၏။

# 2

## မှားယွင်းသော ဆရာများ

1 ဣသရေလလူမျိုးထဲတွင် မှားယွင်းသော ပရော
ဖက်များ အယင်က ပေါ်ပေါက်ခသည့်နည်းတူ သင်ရို့
ထဲ၌လည်း မှားယွင်းသောဆရာများ ပေါ်ပေါက်လာကြ
လိမ့်မည်။ သူရို့သည် ပျက်စီးခြင်းသို့ ရောက်စီမည့်
မှားယွင်းသော အယူဝါဒများကို ယူဆောင်လာပြီးလျှင်
သင်ရို့ကို ရှီးနှုတ်တော်မူသော အသျှင်ကိုပင် ငြင်းပယ်
ကာ သူရို့၌ ပျက်စီးခြင်းဘေးကို ရုတ်တရက် ကျရောက်
စီကြလိမ့်မည်။
2 များစွာသောလူရို့သည် ကာမဂုဏ်လိုက်စားခြင်းနောက်သို့
လိုက်ကြပြီး သမ္မာတရားကို ကဲ့ရဲ့ပြောဆို ကြလိမ့်မည်။
3 ဤမှားယွင်းသောဆရာရို့သည် လောဘစိတ်နှင့်
လုပ်ကြံဖန်တီးပြောဆိုကာ သင်ရို့၌ အမြတ် ထုတ်ကြ

လိမ့်မည်။ ရှေးကာလကပင် သူရို့အား တရားစီရင်ရန် အဂု
အသင့် ဟိန်နိန်ပြီး၊ ဖျက်ဆီးမည့်သူသည် ငိုက်မျိုင်းခြင်း
အလျှင်းမဟိ။
4 အကြောင်းမူကား အပြစ် ကျူးလွန် ကြ သော
ကောင်းကင်တမန်များ ကို ဘုရားသခင် သည် ချမ်း သာ
ပီးတော်မမူဘဲ ငရဲထဲသို့ ပစ်ချတော်မူပြီး၊ ထိုနီရာတွင်
သူရို့ကို မှောင်မိုက်ထဲ၌ သံကြိုးများဖြင့်* ချိုင်ထားကာ
တရားစီရင်တော်မူရာနို့ကို စောင့်နိန်စီတော်မူ၏။
5 ဘုရားသခင်သည် ဘုရားတရားမဲ့သော သူရို့ကို ရီ
လွှမ်းမိုးစီတော်မူသောအခါ ရှီးကမ္ဘာကိုလည်း ချမ်းသာပီး
တော်မမူ။ သို့ရာတွင် ဖြောင့်မတ်ခြင်းတရားကို ဟောပြော
သောသူ နောဧကိုမူကား အခြားသောလူ ခုနစ်ယောက်နှင့်
အတူ ကွယ်ကာပီးတော်မူ၏။
6 ဘုရားသခင်သည် သောဒုံနှင့် ဂေါမောရမြို့ကို မီးနှင့်
ဖျက်ဆီးခြင်းအားဖြင့် အပြစ်ဒဏ်စီရင်တော်မူပြီး ဘုရား
တရားမဲ့သောသူရို့အတွက် ဖြစ်ပျက်လာမည့် နမူနာကို ပြု
တော်မူခ၏။
7 သို့ရာတွင် ကိုယ်တော်သည် မတရားသော သူရို့၏
ကိုယ်ကျင့်တရားပျက်ပြားစွာ နီထိုင်မှုများကြောင့် အလွန်
စိတ်ပျက်လျက် ဟိသည့် ဖြောင့်မတ်သောသူ လောတကို
မူကား ကယ်နုတ်တော်မူ၏။

* **2:4** မှောင်မိုက်ထဲ၌ သံကြိုးများဖြင့်၊ တချို့သော လက်ရီးမူရင်းကျမ်းတွင် မှောင်မိုက်သော တွင်းနက်များ၊ ဟု ဖော်ပြထားသည်။

8 ထိုဖြောင့်မတ်သောသူသည် သူရို့နှင့်အတူ နီထိုင်စဉ်
သူရို့၏ ဆိုးညစ်မှုများကို နို့စဉ်ရက်ဆက် တွို့မြင် ကြားသိ
သဖြင့် လွန်စွာ စိတ်ဒုက္ခ ရောက်ခရပေ၏။
9 သို့ဖြစ်၍ သခင်ဘုရားသည် ဘုရားဝတ်၌ မွို့ပျော်သော
သူရို့အား စုံစမ်းနှောင့်ယှက်ခြင်းထဲမှ ကယ်နုတ်တော်မူ
ရန် လည်းကောင်း၊ မဖြောင့်မတ်သောသူရို့ကို တရားစီရင်
တော်မူရာနို့၌ ပြစ်ဒဏ်စီရင်ရန် ထိန်းသိမ်းထားရမည်ကို
လည်းကောင်း သိတော်မူ၏။
10 အထူးသဖြင့် ထို သူ ရို့၏ ကိုယ်ခန္ဓာ သည်
ကိလေသာစိတ် ဆွဲဆောင်ရာသို့လိုက်၍ ဘုရားသခင်၏
အခွင့်အာဏာ တော် ကို မထီမဲ့မြင် ပြု သော သူ တိ ဖြစ်
ကြ၏။
ထို မှားယွင်း သော ဆရာ ရို့ သည် အတင့်ရဲ သော သူ၊
မာနထောင်လွှားသောသူ ဖြစ်ကြ၍ အထက်အရပ်နှင့်ဆိုင်
သော ဘုန်းတော်ကို ရိုသီခြင်း မဟိဘဲ ကဲ့ရဲ့ပြောဆိုကြ၏။
11 ဤမှားယွင်းသောဆရာရို့ထက် များစွာတန်ခိုးကြီး
သော ကောင်းကင်တမန်များပင်လျှင် ထာဝရဘုရား၏ ရှို့
တော်မှောက်၌ သူရို့အား ကဲ့ရဲ့ပြစ်တင်ခြင်းကို မပြုကြ
ပေ။
12 သို့ရာတွင် ထိုသူရို့သည် ဖမ်းဆီးသတ်ဖြတ်ခြင်းကို
ခံရခြင်းငှာ ပေါက်ဖွားလာကြသည့် အသိဉာဏ်ကင်းမဲ့
သော သားရဲ တိရစ္ဆာန်များနှင့် တူကြပြီး မိမိရို့မသိနား
မလည်သည့် အရာဟူသမျှကို ကဲ့ရဲ့ပြောဆိုတတ်ကြ၏။
သူရို့သည် အသိဉာဏ်ကင်းမဲ့သည့် သားရဲတိရစ္ဆာန်များ

ကဲ့သို့ ပျက်စီးရကြလိမ့်မည်။
13 သူရို့သည် သူတစ်ပါးကို ဒုက္ခရောက်စီသည့်နည်းတူ
မိမိရို့ကိုယ်တိုင်လည်း ဆင်းရဲဒုက္ခကို ခံစားရကြလိမ့်မည်။
သူရို့သည် နို့အချိန်၌ သောက်စားပျော်ပါးခြင်းကို ပြု
ကြ၏။ သူရို့သည် သင်ရို့နှင့် အတူ စားပွဲ၌ထိုင်၍
သောက်စားပျော်ပါးကြပြီး သင်ရို့အား ရှက်စရာနှင့်
ဂုဏ်သိက္ခာကျစရာများကို ဖြစ်စီကြ၏။ သူရို့သည်
လှည့်စားမှုကိုလည်း နှစ်သက်ကြ၏။
14 သူရို့၏ မျက်စိသည် ဖောက်ပြန်လိုသောဆန္ဒနှင့်
ပြည့်ဝလျက် အပြစ်ကျူးလွန်ရာ၌ မရောင့်ရဲနိုင်ကြ။ သူရို့
သည် အားနည်းသော သူရို့ကို လှည့်ဖြားကြ၏။ သူရို့၏
စိတ်နှလုံးသည်လည်း လောဘလွန်ကျူးခြင်း၌ ကျင်လည်
ကြ၏။ သူရို့သည် ဘုရားသခင်၏ ကျိန်စာသင့်သောသူ
တိ ဖြစ်ကြ၏။
15 သူရို့သည် ပြောင့်တန်းသော လမ်းကိုစွန့်၍ လမ်းလွဲ
ကာ မတရားမှုကြောင့် ရဟိသော အဖိုးခကို နှစ်သက်
သည့် ဗောသော်၏သား ဗာလမ်၏လမ်းကို လိုက်ကြ၏။
16 သို့သော် ဗာလမ်သည် အပြစ်အတွက် ဆုံးမခြင်းကို
ခံရသောသူ ဖြစ်၏။ သူ၏ မြည်းသည် လူ့ဘာသာစကား
ကို ပြော၍ ထိုပရောဖက်၏ မိုက်မဲမှုကို တားမြစ်လေ၏။
17 ထိုသူရို့သည် ရီခန်းလားသည့် စမ်းချောင်းများ၊ လီ
မုန်တိုင်းတွင် ရွှင့်လားသည့် မြူခိုးများကဲ့သို့ ဖြစ်ကြ၏။
ဘုရားသခင်သည် သူရို့အတွက် အလွန် မှောင်မိုက်သော

နီရာကို သီးသန့်ထားတော်မူ၏။
18 အကြောင်းမူကား သူရို့သည် မှားယွင်းစွာ အသက်
ရှင်နီထိုင်သော လူစုအထဲမှ လွတ်မြောက်ခါစဖြစ်သော သူ
ရို့အား ကြွားဝါ၍ အချည်းနှီးသော စကားများကိုသုံးကာ
အသွီးအသားတပ်မက်ခြင်းနှင့် ကာမဂုဏ်လိုက်စားခြင်း
များဖြင့် လှည့်ဖြားဆွဲဆောင်ကြ၏။
19 သူရို့သည် ထိုသူရို့အား လွတ်လပ်မှုကိုပီးမည်
ဟု ကတိပီးခသော်လည်း သူရို့ကိုယ်တိုင်ပင် ပျက်စီး
ခြင်း၏ကျွန် ဖြစ်နိန်ကြ၏။ အကြောင်းမူကား လူကိုစိုးမိုး
သောအရာသည် လူ၏သခင် ဖြစ်၏။
20 အကယ်၍ လူသည် ငါရို့၏အသျှင်နှင့် ကယ်တင်
သျှင် ဖြစ်တော်မူသော ယေသျှုခရစ်တော်ကို သိကျွမ်းရ
ခြင်းအားဖြင့် လောကီ ညစ်ညူးခြင်းများမှ လွတ်မြောက်
ကြပြီးနောက်၊ တဖန် ထိုညစ်ညူးခြင်းများ၏ ကျွန်ဖြစ်
ကြလျှင် ထိုသူရို့၏ နောက်ဖြစ်ဟန်သည် ရှို့ဖြစ်ဟန်ထက်
ဆိုးရွားလေ၏။
21 ဖြောင့်မတ်သောလမ်းကို သိပြီးနောက် မိမိရို့ခံယူ
ထားသည့် မြင့်မြတ်သော ပညတ်တော်ကို စွန့်ရှတ်လိုက်
ကြသည်ထက် ထိုတရားလမ်းကို မသိဘဲနိန်ခြင်းက သူရို့
အတွက် ပို၍ ကောင်း၏။
22 "ခွီးသည် မိမိအန်ဖတ်ကို ပြန်၍စားတတ်၏။ ရီချိုး
ထားသောဝက်သည်လည်း ဗွက်အိုင်ထဲတွင် ပြန်၍ လူး
တတ်၏" ဟူသော မှန်သော ဆိုရိုးစကားသည်လည်း ထို

သူ့ရှိ၌ မှန်ပေ၏။

# 3

## သခင်ဘုရား ကြွလာတော်မူမည့် ကတိတော်

1 အဆွေရို့၊ ဤစာသည် သင်ရို့ပါးသို့ ဒုတိယအကြိမ် ငါ
ရီးလိုက်သော စာဖြစ်၏။ ငါသည် ဤပီးစာ နှစ်စောင်လုံး
တွင် သင်ရို့ကို ပြန်လည်သတိပီးခြင်းအားဖြင့် သင်ရို့၏
ဖြူစင်သော စိတ်နှလုံးကို နိုးဆော်ရန် ကြိုးစားခ၏။
2 သန့်ယှင်းသော ပရောဖက်ရို့ အယင်က ဟောပြော
ခသည့် စကားများကိုလည်းကောင်း၊ သင်ရို့၏ တမန်
တော်ရို့မှတစ်ဆင့် ပီးအပ်ခသည့် သခင်ဘုရားဟူသော
ကယ်တင်သျှင်၏ ပညတ်တော်ကိုလည်းကောင်း သင်ရို့
ကို ပြန်လည်သတိရစီရန် ဖြစ်၏။
3 ပထမဦးစွာ သိထားရမည့်အချက်မှာ နောက်ဆုံး
သောကာလ၌ မိမိရို့၏ ကိလေသာစိတ်အလိုသို့ လိုက်၍
အသက်ရှင်သောသူတိ ပေါ်ပေါက်လာမည့် အကြောင်းပင်
ဖြစ်၏။ ထိုသူရို့သည် သင်ရို့အား ပြက်ရယ်ပြုလျက်၊
4 "ကိုယ်တော်၏ ကြွလာတော်မူခြင်းနှင့်ဆိုင်သော
ကတိတော်သည် ဇာမှာဟိသနည်း။ ငါရို့ အဖိုးအဖီးရို့
သည် သီလွန်သည့် အချိန်မှစ၍ ခပ်သိမ်းသောအမှုအရာ
များသည် ကမ္ဘာလောကကို ဖန်ဆင်းတော်မူချိန်က ဟိခ
သည့်အတိုင်းပင် မဟုတ်လော" ဟု ဆိုကြလိမ့်မည်။

**3:3** ယု ၁၈

5 ဘုရားသခင်သည် ရှေးကာလ၌ မိုးကောင်းကင်နှင့်
မြေကြီးကို အမိန့်တော်အားဖြင့် ဖန်ဆင်းတော်မူကြောင်း
ကိုလည်းကောင်း၊ ကိုယ်တော်သည် မြေကြီးကို ရေထဲမှ
ပေါ်ထွန်းစေတော်မူပြီး ရေအားဖြင့် ပတ်လည်ဝိုင်းထားတော်
မူကြောင်းကိုလည်းကောင်း၊
6 ထို ကမ္ဘာ မြေ ကြီး ကို ရေ အားဖြင့် ပင် လွှမ်းမိုး
ဖျက်ဆီးတော်မူခကြောင်းကိုလည်းကောင်း သူတို့သည်
တမင်တကာ မေ့ထားကြ၏။
7 သို့သော်လည်း ဘုရားသခင်သည် အခု ဟိ သော
မိုးကောင်းကင်နှင့် မြေကြီးကို မီးအားဖြင့် ဖျက်ဆီး
သည့် နေ့တိုင်အောင် ဘုရားသခင်၏ အမိန့်တော်အားဖြင့်
ဆက်လက် တည်စေတော်မူပေ၏။ ဘုရားတရားမဲ့သော
သူ တို့ အား တရားစီရင်၍ ဖျက်ဆီးခြင်းကို ခံရမည့်နေ့
တိုင်အောင် ထိုအရာများကို ထိန်းသိမ်းလျက်ဟိ၏။
8 သို့သော်လည်း ငါ့ အဆွေတို့၊ သခင်ဘုရားအတွက် တစ်
ရက်သည် နှစ်တစ်ထောင်ကဲ့သို့ လည်းကောင်း၊ နှစ်တစ်
ထောင်သည် တစ်ရက်ကဲ့သို့ လည်းကောင်း ဖြစ်သည်ကို
မမေ့လျော့ကတ်ကေ့။
9 လူတချို့ ထင်မှတ်ထားသည့်အတိုင်း သခင်ဘုရား
သည် မိမိ၏ ကတိတော်အရာ၌ ကြန့်ကြာတော် မူသည်မ
ဟုတ်။ မည်သူတစ်ယောက်မျှ မပျက်စီးနိုင်ဘဲ လူတိုင်း
အပြစ်မှ နောင်တရစေရန် အလိုတော်ဟိသောကြောင့် သင်
ရို့ကို စိတ်ရှည်သည်းခံတော်မူ၏။

10 သို့ရာတွင် သူခိုးလာသကဲ့သို့ သခင်ဘုရား၏ နို့ရက်
သည် ရောက်လာလိမ့်မည်။ ထိုနို့ရက်၌ မိုးကောင်းကင်
သည် အသံမြည်ဟီးလျက် ကွယ်ပျောက်လားလိမ့်မည်။
ကောင်းကင် နှင့် ဆိုင် သော အရာ များသည် လည်း
လောင်ကျွမ်း ကြ လိမ့်မည်။ ထိုအခါ မြေ ကြီး နှင့် တကွ
ဟိ သမျှ သော အရာ အားလုံး သည် ပျောက် ကွယ် လား
လိမ့်မည်။*
11 ဤအရာ အားလုံးသည် ဤသို့ ပျက်စီးလားရမည်
ဖြစ်သောကြောင့် သင်ရို့သည် မည်သို့သောသူတိ ဖြစ်သင့်
ကြသနည်း။ သင်ရို့သည် သန့်ယှင်းစွာ အသက်ရှင်လျက်
ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခြင်းအားဖြင့်၊
12 ဘုရားသခင်၏နို့ရက် ကို စောင့်မျှော်၍ ထို နို့ရက်
အယင် ရောက်လာစီရန် အကောင်းဆုံး ကြိုးစားအားထုတ်
လျက် နိန် ကြ လော။ ထို နို့ရက်၌ မိုးကောင်းကင် သည်
မီးလောင်ကျွမ်း၍ ဖျက်ဆီးခံရပြီးလျှင် မိုးကောင်းကင်နှင့်
ဆိုင်သော အရာများသည်လည်း အပူကြောင့် အရည်ပျော်
ကြလိမ့်မည်။
13 သို့ရာတွင် ငါရို့သည် ဘုရားသခင်၏ ကတိထား
တော် မူ သော ဖြောင့်မတ် ခြင်း တရား ကိန်းဝပ် ရာ
ကောင်းကင် သစ် နှင့် မြေ ကြီး သစ် ကို စောင့်မျှော် လျက်

**3:10** မ ၂၄.၄၃; လု ၁၂.၃၉; ၁ သက် ၅.၂; ဗျာ ၁၆.၁၅
* **3:10** ပျောက်ကွယ်လားလိမ့်မည်၊ တချို့သော လက်ရီးမူကျမ်းတွင် တည်ဆောက်ပါ၊ ဟု ဖော်ပြထားသည်။ အခြားသော ကျမ်းများတွင်မူ မီးတိုက်ရမည်၊ ဟူ၍ လည်းကောင်း၊ ကျမ်းတစ်စောင်တွင် ဖျက်ဆီးခံရသည်၊ ဟူ၍ လည်းကောင်း ဖော်ပြထားသည်။ **3:13** ဗျာ ၂၁.၁

နိန်ကြ၏။
14 သို့ဖြစ်၍ အဆွေ ရို့၊ သင်ရို့သည် ထိုနို့ရက်
ကို စောင့်မျှော်နိန်ကြစဉ် သန့်ယှင်းစင်ကြယ်ခြင်းဂှာ
လည်းကောင်း၊ ဘုရားသခင်၏ရှို့တော်၌ အပြစ်ကင်းစင်
စီခြင်းဂှာ လည်းကောင်း ကိုယ်တော်နှင့် ငြိမ်းချမ်းမှုရစီ
ခြင်းဂှာ လည်းကောင်း အကောင်းဆုံး ကြိုးစားကြလော့။
15 ငါရို့ချစ်သော ညီအစ်ကို ပေါလုသည် ဘုရားသခင်
ပီးသနားတော်မူသည့် ဉာဏ်ပညာအားဖြင့် သင်ရို့အား
ရီးသားဖော်ပြခသည့်အတိုင်း သင်ရို့သည် ကယ်တင်
ခြင်း ခံရရန်အတွက် အခွင့်ပီးထားခြင်း ဖြစ်၍ ငါရို့
သခင်ဘုရား၏ စိတ်ရှည်သည်းခံတော်မူခြင်းကို သိမှတ်
ကြလော့။
16 သူသည် ဤအကြောင်းအရာနှင့်ပတ်သက်၍ ရီးထား
သမျှသောစာများတွင် ဤသို့ ဖော်ပြထား၏။ သူ၏စာ
များတွင် ပါဟိသော အကြောင်းအရာအချို့မှာ နားလည်
ရန်ခက်သဖြင့် အသိပညာမဲ့၍ မတည်ကြည်သော သူရို့
သည် အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူတတ်ကြ၏။ ထိုသူ
ရို့သည် အခြားသော ကျမ်းများ၏ အဓိပ္ပာယ်ကိုလည်း
ထိုနည်းတူ ကောက်ယူသဖြင့် မိမိကိုယ်ကို ပျက်စီးခြင်းသို့
ရောက်စီကြ၏။
17 သို့သော်လည်း အဆွေ ရို့၊ သင်ရို့သည် ဤ
အကြောင်းအရာများကို သိပြီးဖြစ်၏။ ထို့ကြောင့် သင်
ရို့သည် မတရားသောသူရို့၏ မှားယွင်းသောလမ်းသို့ မ

လိုက်မိကြစီရန်နှင့် သင်ရို့၏ ရပ်တည်မှုကို မလဲကျစီရန်
စောင့်ထိန်းကြလော့။
18 သို့ရာတွင် သင်ရို့သည် ငါရို့၏အသျှင်နှင့်
ကယ်တင်သျှင်ဖြစ်သော ယေသျှုခရစ်တော်၌
လည်းကောင်း၊ ကိုယ်တော်၏ ကျေးဇူးတော်နှင့် သိကျွမ်း
ခြင်း၌ လည်းကောင်း ကြီးထွားကြလော့။ အဂုမှစ၍
ထာဝရကာလတိုင်အောင် ထိုအသျှင်သည် ဘုန်းကြီးပါစီ
သတည်း။ အာမင်။

# ဓမ္မသစ်ကျမ်း ရခိုင်ဘာသာစကား

## Rakhine: ဓမ္မသစ်ကျမ်း ရခိုင်ဘာသာစကား (Bible)

copyright © 2025 The Word for the World International

Language: ရခိုင် (Rakhine)

Contributor: The Word for the World International

### ရခိုင် ဓမ္မသစ်ကျမ်း

The New Testament in Rakhine Language
The Word for the World
This translation is made available to you under the terms of the Creative Commons Attribution Share-Alike license 4.0.
You have permission to share and redistribute this Bible translation in any format and to make reasonable revisions and adaptations of this translation, provided that:

- You include the above copyright and source information.
- If you make any changes to the text, you must indicate that you did so in a way that makes it clear that the original licensor is not necessarily endorsing your changes.
- If you redistribute this text, you must distribute your contributions under the same license as the original.

Pictures included with Scriptures and other documents on this site are licensed just for use with those Scriptures and documents. For other uses, please contact the respective copyright owners.
Note that in addition to the rules above, revising and adapting God's Word involves a great responsibility to be true to God's Word. See Revelation 22:18-19.

2025-06-27

---

PDF generated using Haiola and XeLaTeX on 27 Jun 2025 from source files dated 27 Jun 2025
51b0ff5f-817a-5607-b453-b9df7b3155f2